

ကိန္နရီလစဉ်
မင်းမြတ်ဃူရ
မိုးကြိုးတံခွန်
ပန်းချီ
ကိန္နရီ


တစ်နေ့သ၌ဟူးကောင်းချိုင့်ဝှမ်း
လွင်ပြင်အတွင်းရှိရွာကြီးတစ်ရွာနှင့်
မနီးမဝေးတွင်ရှိသောတောစပ်
တစ်နေရာတွင်လူငယ်လေးတစ်ဦးသည်
လေးတစ်လက်ကိုကိုင်တွယ်၍
ပစ်မှတ်ရှိရာသို့ပစ်လွှတ်လိုက်လေ၏...
ထိုအခါလေးမှလွှတ်လိုက်သော
မြားတန့်သည်သစ်ပင်၏
အလယ်တွင်စက်ဝိုင်းသဏ္ဍာန်
ရေးထိုးထားသောနေရာ၌
စွဲဝင်လေ၏...


လူငယ်သည်သူ၏မြားစွမ်းကို
သဘောကျဟန်ဖြင့်ပြုံးလိုက်ပြီး
ကျည်တောက်ထဲမှမြားတစ်လက်
ထုတ်ယူပြီးပစ်လွှတ်လိုက်ပြန်၏....
ထိုအခါဒုတိယမြားတန်သည်
ပထမမြားတန်၏အနီးတွင်
ကပ်၍စွဲဝင်လေသည်...
ဟား...ဟား...ဟား...
မရန်နော်လက်ဖြောင့်လှချည်လား
ဒီလောက်လက်ဖြောင့်နေရင်တော့
တစ်နေ့မှန်းဒူဝါကြီးဖြစ်ပြီး
ဩဇာအာဏာတွေကြီးမှာ
မြင်ယောင်သေးတယ်ဟေ့...
ထိုအချိန်မှာပင်
လူငယ်၏အနောက်မှ
ခြေသံကြားရပြီး.....


လူငယ်ကမျက်မှောင်ကြုတ်၍
လှည့်ကြည့်လိုက်ရာသူ့အား
သိုင်းပညာသင်ပေးသော
ရှမ်းသိုင်းဆရာကြီးစိုင်းလုံ
ဖြစ်ကြောင်းကိုတွေ့ရ၏...
ကျုပ်
ဘယ်တော့မှ
ဒူဝါမလုပ်ဘူး
ဝါသနာလည်း
မပါဘူး....
ဒူဝါသားဟာ
ဒူဝါမလုပ်လို့ရမလား
မရန်နော်...နောက်ပြီး...
မင်းမှာညီအစ်ကိုလည်းမရှိဘူး
မင်းတစ်ယောက်တည်းရှိတယ်
မင်းမလုပ်ရင်ဘယ်သူ...
လုပ်မှာလဲ...


အစ်ကိုက
မဂျွန်ရှယ်ယာဘွန်မှာ
စောစောအနားရသွားပြီ
ကျုပ်ကမနားရနိုင်သေးဘူး
လူ့ဘဝမှာဆက်နေ
ရဦးမယ်...
မင်းအစ်ကို..
မသေရင်လည်းမင်း
ဒူဝါလုပ်ဖို့ငြင်းဆန်လို့
ဘယ်ရမလဲအငယ်ဆုံး
သားကဒူဝါလုပ်ရရိုး
ထုံးစံရှိတယ်လေ...
ကချင်လူမျိုးတို့၏
ရိုးရာယုံကြည်မှုအရ
ငှင်းသေဆုံးလျှင်
ဝိညာဉ်ကမဂျွန်ရှယ်ယာဘွန်
တောင်ကြီးသို့...
အရောက်ပြန်သည်ဟု
ယုံကြည်ကြသည်...
မရန်နော်သည်စိတ်ရှုပ်စွာ
သက်ပြင်းချလိုက်လေသည်...
ဘာပဲဖြစ်ဖြစ်..
ကျုပ်ဒူဝါမလုပ်ချင်ဘူး
တောတောင်အနှံ့လှည့်လည်
သွားလာပြီးသားကောင်တွေ
ပစ်ချင်တယ်၊အစဉ်အလာ
ယူဆချက်တွေနဲ့မွန်းကျပ်
နေတဲ့...ဒူဝါဘဝကို
မလိုချင်ဘူး....


မင်းရဲ့... အတွေးအခေါ်တွေကို မုန်းဒူဝါကြီးသာကြားရင် မတွေးဝံ့စရာပဲ၊ဒူဝါတွေဟာ ကချင်လူထုအကျိုးအတွက် ရှေ့တန်းကပါဝင်ဆင်နွှဲ နေတဲ့သူတွေပါ...
ကျေးရွာမှာဖြစ်တဲ့ လူမှုရေးပြဿနာမျိုးစုံကို ဒူဝါတွေကပဲဒိုင်ခံရှင်းပေး ရတာပဲမဟုတ်လား...
ဒါကြောင့်... ဒူဝါဘဝဟာ... မလွတ်လပ်တာပေါ့ ကျုပ်ကလွတ်လပ်ခြင်းကို မြတ်နိုးတယ်...
အင်း... မရန်နော်ရဲ့ အယူအဆနဲ့မုန်းဒူဝါကြီး ထိပ်တိုက်တွေ့မယ့် အချိန်ကိုတွေးပြီးတော့ ရင်မောတယ်ဟေ့...
ဦးစိုင်းလုံသည်ကွမ်းကိုပြစ်ကနဲထွေးရင်း အဝေးမှတောင်တန်းများကိုငေးနေ၏ မရန်နော်သည်ရွာဘက်ထွက်လာသည်...


ရွာထိပ်သို့ရောက်သောအခါ
ရွာထဲသို့ဝင်လာသောဝန်တင်
လားတန်းကြီးများကိုမြင်ရလေ၏..
ဦးဆောင်လာသူမှာဒူဝါဃယ်
တစ်ဦးဖြစ်သည်...
ထိုဒူဝါဃယ်သည်ဖခင်ဖြစ်သူမှန်းဒူဝါကြီးအား
ဖဂါလက်ဆောင်ပစ္စည်းများလာရောက်
ဆက်သပုံရသည်။မှန်းဒူဝါကြီးလက်အောက်၌
ဒူဝါဃယ်များစွာရှိ၏...
ထိုဒူဝါဃယ်များသည်ရင်းတို့
အုပ်စိုးရာနယ်မြေများတွင်
အခွန်အကောက်များကို
လက်ခံ၍ဖခင်ကြီးအားတဖန်
ပြန်လက်ဆက်သ၏...



မရန်နော်သည်..ဒူဝါငယ်များ
ပေးပို့သောဖဂါများကိုမမြင်
လို၍ငင်းတို့၏ထိန်နအိမ်ကြီး
သို့အလျင်အမြန်ပြန်လာခဲ့
သည်...ထိန်နအိမ်ကြီးသည်...
ပေ(၃၀၀)ကျော်ရှည်လျားပြီး
အခန်းပေါင်းများစွာပါ၏...
အခန်းတိုင်းတွင်မီးလင်းဖို
တစ်လုံးရှိပြီးအိမ်အမြင့်မှာ
မြေပြင်မှ(၄)ပေခန့်ရှိ၏...
မရန်နော်သည်အိမ်၏
နံ့ဘေးမှတိတ်တဆိတ်
ဝင်ပြီးသူ၏အခန်းသို့
ကျော်တက်လိုက်၏...
အခန်းထဲရောက်သောအခါ
လေးနှင့်မြားကိုနံရံတွင်
ချိတ်၍အနားယူလေသည်...
ထိုအခိုက်မှာပင်မီးရှူးမီးပန်း
ပစ်ဖောက်သံများကျယ်လောင်စွာ
ထွက်ပေါ်လာ၏မုန်းဒူဝါကြီးက
လက်ဆောင်လာပို့သူဒူဝါငယ်များကို
မီးရှူးမီးပန်းဖောက်၍ဂုဏ်ပြုခြင်း
ဖြစ်လေသည်....


ခဏကြာလျှင်
မရန်နော်၏
အခန်းဝတွင်
အစေအပါး(၁)ဦး
ရောက်လာ၏...
ဒူဝါကြီးက
သူ့ညှော်သည်တွေနဲ့
သခင်လေးကိုမိတ်ဆက်ပေးမလို့
တဲ့ခေါ်ခိုင်းလိုက်ပါတယ်...
ငါ..
အိပ်နေတယ်လို့
ပြောလိုက်ပါ...
အိပ်နေရင်လည်း...
နှိုးလိုက်ပါလို့ဒူဝါကြီးက
သေသေချာချာမှာလိုက်ပါတယ်...
မရန်နော်သည်လှဲနေရာမှ
ထရပ်လိုက်လေ၏...
သူ့ဖခင်သည်ဒူဝါငယ်များ
လက်ဆောင်ဆက်သသည့်
အခါ၌မိမိနှင့်မိတ်ဆက်
ပေးပြီးမကြာခဏအစွမ်း
ပြခိုင်းလေ့ရှိ၏...


သူ့နာမည်..
မရန်နော်လို့ခေါ်တယ်
သူ့အစ်ကိုကြီးဆုံးတော့
သူဟာ...ကျုပ်ရဲ့အချစ်ဆုံး
တစ်ဦးတည်းသော
သားပဲ....
မရန်နော်ကိုမြင်သောအခါ
သူ့ဖခင်သည်ထိုင်ရာမှ
ထ၍ပခုံးကိုဖက်ကာ...
မရန်နော်ဟာ
သိုင်းအတတ်၊မြားအတတ်
မှဆိုးအတတ်တွေမှာအလွန်
ကျွမ်းကျင်တယ်သူ့ရဲ့
အစွမ်းကိုခင်ဗျားတို့
ကြည့်ကြပါ...
မရန်နော်...
မင်းရဲ့အစွမ်းကို
ပြလိုက်ပါဦး.....
မုန်းဒုဝါကြီးသည်တိုင်တွင်
ချိတ်ထားသောလေးကိုယူ၍
မရန်နော်လက်ထဲသို့ထည့်၏...
မရန်နော်သည်စက်ရုပ်
တစ်ရုပ်လိုမိမိအစွမ်းကို
လူအများရှေ့တွင်
ပြသလိုသူမဟုတ်ချေ...



သို့သော်ဖခင်၏ဆန္ဒကို
မလွန်ဆန်နိုင်သဖြင့်
ကျည်တောက်မှမြား
တစ်စင်းကိုဆတ်ခနဲ
ထုတ်၍ပစ်မှတ်ကို
ပစ်လိုက်ပြီး...
လေးနှင့်မြားကိုဖခင်လက်
အပ်ကာကျောခိုင်းထွက်ခဲ့၏...
မြားသည်ပစ်မှတ်အလယ်ရှိ
စက်ဝိုင်းတွင်စိုက်ဝင်လေသည်
ဧည့်သည်များကအံ့သြကြ၏
ကောင်းချီးပေးကြ၏...
မုန်းဒူဝါကြီးသားဟာ
မြားပစ်အလွန်ကျွမ်းကျင်ပါတယ်
ဒါပေမယ့်ပြိုင်ဘက်ကင်းတယ်လို့
မဆိုနိုင်သေးဘူး...
ထိုအခိုက်မှာပင်
ဧည့်သည်များအတွင်းမှ
တစ်ယောက်က
ထိုင်ရာမှထ၍


မရန်နော်သည်လှမ်းလက်စ ခြေလှမ်းရပ်သွားရသလို မုန်းဒုဝါကြီးကလည်း ဒေါသဖြစ်သွားသည်...
ထိုစကားကိုပြောသူမှာ ဒုဝါငယ်နှင့်လိုက်လာသော လူငယ်တစ်ဦးပင်ဖြစ်၏ ကချင်တစ်ဦးထက်တရုတ် တစ်ဦးနှင့်ပိုတူလေသည်...
ဘာဖြစ်လို့... မဆိုနိုင်တာလဲ ဒီနယ်တစ်ကြောမှာ ကျုပ်သားထက်မြားပစ် ကျွမ်းကျင်တဲ့သူ ရှိလို့လား
စိတ်မရှိပါနဲ့ မုန်းဒုဝါကြီးသားကို မလိုမုန်းထားဝေဖန်တာ မဟုတ်ပါဘူး...
ကျုပ်တို့ ဒေသကိုရောက်လာတဲ့ လူထူးလူဆန်းကြီးတစ်ယောက် တွေ့ဖူးပါတယ်၊ဒီလူကြီးဟာ မြေပြန့်ကလို့ပြောပါတယ် မြားပစ်အတတ်အလွန် ကျွမ်းကျင်ပါတယ်...



သူဟာ... ကောင်းကင်ကို မြားတစ်စင်းပစ်လွှတ်ပြီး အဲဒီမြားကိုနောက်ထပ် မြားတစ်စင်းနဲ့မှန်အောင် ပစ်နိုင်ပါတယ်...
ထိုစကားကြောင့် မုန်းဒူဝါကြီးသာမက မရန်နော်ပါအံ့ဩ သွားရလေသည်....
အဲဒီလူ ဘယ်မှာလဲ သူ့ကိုကျုပ် တွေ့ချင်တယ်...
သူမကြာခဏ ရောက်လာတတ်ပါတယ် ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာတာကိုတော့ မသိပါဘူး...
တောထဲမှာ လှည့်လည်နေတာ များပြီးမုဆိုးကြီးလို့ ဆိုပေမယ့်အမဲလိုက်တာ မတွေ့ရသလောက် ပါပဲခင်ဗျာ...


သူ့ကို...
ကျုပ်တွေ့ချင်တယ်
ကျုပ်တို့ဒေသကိုရောက်ရင်
ခေါ်ပြီးစစ်ဆေးရလိမ့်မယ်
မျက်နှာဖြူဘက်တော်သား
ဖြစ်နိုင်တယ်....
ငါတို့ကို
သူလျှိုတစ်ယောက်လို
စုံစမ်းဖို့ရောက်နေတာ
ဖြစ်နိုင်တယ်...
ကျွန်တော်တို့
စောင့်ကြည့်ပြီးထူးခြားရင်
မှန်းဒူဝါကြီးထံသတင်း
ပို့ပါ့မယ်....
မရန်နော်သည်မိမိအခန်းသို့
ပြန်ရောက်သည်အထိဧည့်သည်၏
ပြောစကားများကိုကြားယောင်ကာ
အိပ်၍မပျော်နိုင်ဘဲမြားပစ်ဝိဇ္ဇာ
မုဆိုးကြီးအကြောင်းကိုစဉ်းစား၍
နေမိလေသည်..


နောက်တစ်နေ့နံနက်
မရန်နော်အိပ်ရာမှ
နိုးသောအခါမြန်မာလူမျိုး
ဆရာကြီးဦးဘိုးတူ
ရောက်ရှိနေ၏....
ဦးဘိုးတူသည်မရန်နော်အား
မြန်မာစာသင်ကြားပေးရန်
ဤအရပ်ရောက်နေခြင်းဖြစ်၏...
ဦးဘိုးတူမိန်းမသည်ဦးဘိုးတူ
ဘုရားဖူးထွက်နေစဉ်မီးရထား
ဂါတ်ဗိုလ်တစ်ဦးနှင့်ဖောက်ပြန်ပြီး
မြို့မှထွက်ပြေးသွားသည်...
ထို့ကြောင့်ဦးဘိုးတူသည်
မြန်မာပြည်အနှံ့တာပေ
လေလွင့်၍သွားလာနေခဲ့၏...
၁၅


ပုဂံရှိဘုန်းကြီးကျောင်း
တစ်ကျောင်းတွင်
ကပ္ပိယလုပ်ခဲ့ဖူးသည်
ထို့နောက်ကျောက်စိမ်းတူးမည့်
သူများနှင့်ရင်းနှီးကာဤအရပ်
သို့လိုက်ပါခဲ့ခြင်းဖြစ်၏...
ပင်ပန်းဆင်းရဲသော
ဒဏ်ကိုမခံနိုင်သူဦးဘိုးတူက
ကျောက်စိမ်းမတူးတော့ဘဲ
မှန်းဒူဝါကြီးထဲတွင်ကျောင်းဆရာ
အလုပ်ကိုလုပ်ကိုင်လေသည်....
ကဲ...
လိုက်ဆို
မိန်းမမုန်းသမားကြီး
ဦးဘိုးတူကားစာပြ
အလွန်ကောင်း၏...


မရန်နော်သည်ဦးဘိုးတုထံတွင်
ပညာသင်ကြားပြီးနောက်
ကိုယ်ခံပညာလေ့ကျင့်ရန်
တောထဲသို့ထွက်လာခဲ့သည်
ရှမ်းဆရာကြီးသင်ပေးသော
သိုင်းပညာလေ့ကျင့်ခန်းများကို
လေ့ကျင့်ပြီးနောက်သူသည်
မြားကျည်တောက်အားလွယ်၍
တောင်စောင်းသို့လျှောက်ခဲ့၏....
မြားပစ်လေ့ကျင့်ရာ
သစ်ပင်ကြီးတစ်ပင်သို့
ရောက်သောအခါ
လေးနှင့်မြားကိုအသင့်
ပြင်လိုက်သည်...
ညှို့သည်လူစိမ်း၏စကားကို
ကြားယောင်ရင်းကောင်းကင်သို့
မြားတစ်စင်းပစ်လွှတ်ကြည့်၏...


သို့သော်မြား(၂)စင်း
ထိမှန်ရန်ဝေးစွ
အဝေးသို့လွဲချော်
သွားလေသည်....
သူသည်စိတ်ပျက်လက်ပျက်
ဖြစ်သွားပြီးမြားကိုချ၍
မြက်ခင်းပေါ်ပက်လက်အိပ်၏..
ထိုမြားကိုချိန်ရွယ်
နောက်တစ်မြားတစ်စင်း
ပစ်လွှတ်ကြည့်၏...
ထိုအခိုက်မှာပင်ပျံသန်းလာသော
သတ္တဝါကြီးတစ်ကောင်ကိုမြင်ပြီး
အလွန်အံ့သြသွားသဖြင့်အိပ်ရာမှ
ကမန်းကတန်းထထိုင်လိုက်သည်....
သူ့တစ်သက်တွင်ဤမျှကြီးမားသောငှက်သတ္တဝါမျိုးကို
မမြင်ဖူးချေ၊ထိုသတ္တဝါသည်တောင်ပံမခတ်ဘဲလေဟုန်စီး
နေသဖြင့်ပိုမိုအံ့သြသွားလေသည်...


ထိုသတ္တဝါကြီးသည် တောင်တန်းများပေါ်မှ ပျံဝဲ၍မရန်နော်ရှိရာ တဖြည်းဖြည်းနီးလာ၏....
ပိုမိုနီးကပ်လာသောအခါငှက်မဟုတ်ဘဲ ဖျင်ကြမ်းပိတ်စများဖြင့်စွန်ကဲ့သို့ ပြုလုပ်ထားပြီးအောက်ခြေတွင်တွဲလွဲခို၍ စီးလာသောလူတစ်ယောက်ကိုလည်း တွေ့ရလေသည်....
လေဟုန်စီး၍စွန်ကြီးနှင့် လိုက်ပါလာသောလူသည် မရန်နော်ကိုတွေ့မြင်သွားပြီး သူ့ထံသို့စွန်ကိုဦးတည် ဆင်းသက်လာ၏...
၁၉


စွန်ပျံကြီးပေါ်တွင်...
လိုက်ပါလာသောသူသည်
အသက်(၅၀)ဝန်းကျင်ရှိ
လူကြီးတစ်ယောက်
ဖြစ်နေကြောင်းထိုအခါမှ
သိရလေသည်...
ငါ့ကိုကြည့်ပြီး.... ကောင်းကင်ကကျလာတဲ့ နတ်သားအောက်မေ့နေတာ နတ်သားမဟုတ်ပါဘူးကွ လူအစစ်ပါ...
ကျုပ်က ရောမငှက်ကြီး အောက်မေ့လို့ ကြည့်နေတာဗျ...


ငါ့ရဲ့စွန်ကြီး လေထဲမှာပြသနာ ပေါ်နေလို့မြေပေါ်ကို ကမန်းကတန်းဆင်းဖို့ ကြံနေတာကွ
ဒီဟာကြီးနဲ့ ကောင်းကင်ကိုဘယ်လို ပျံတက်သလဲ
ဒီစွန်မျိုးကို မင်းတို့ဘယ်မြင်ဖူးမှာလည်း ဒါကြောင့်ထူးထူးဆန်းဆန်း ဖြစ်နေတာ၊တိဘက်မှာတော့ ရှိုးနေပြီကွ
ငါကတိဘက်မှာ အတော်ကြာကြာနေဖူးတယ်ကွ ဒါကြောင့်စွန်ပျံစီးတဲ့အတတ် ကျွမ်းကျင်ခဲ့တာပဲ...
စွန်ပျံနဲ့... တောင်စောင်းပေါ်က ခုန်ချပြီးလေထဲကိုစွန်ပျံ ရောက်တဲ့အခါကြိုးတွေကို အလျော့အတင်းလုပ်ပြီး လိုရာရောက်အောင် သွားလို့ရတယ်...



ဒါနဲ့နေပါဦး... မင်းကတောင်စောင်းမှာ တစ်ယောက်တည်းလာပြီး ဘာလုပ်နေတာလဲ...
ကျုပ်က မြားပစ်လေ့ကျင့်နေတာဗျ....
ကောင်းတယ် ဘယ်ပညာမျိုးမဆို ထုံနေအောင်အကြိမ်ကြိမ် အထပ်ထပ်ကျင့်ရတယ်ကဲ...မင်းရဲ့လေးနဲ့မြားကိုငါ...ပစ်ကြည့်ရအောင်ပေးပါဦးကွ
မရန်နေဘ်သည်လက်ထဲရှိသူ၏ လေးနှင့်မြားကျည်တောက်အား လူကြီး၏လက်ထဲသို့ထည့်၍ ပေးလိုက်သည်....
လူကြီးကကျည်တောက်ထဲမှ မြားတစ်စင်းထုတ်ယူလိုက်ပြီး ကောင်းကင်သို့ချိန်ရွယ်၍ ပစ်လွှတ်လိုက်၏...


ထို့နောက်...လျှင်မြန်စွာ မြားတစ်စင်းကိုထုတ်ယူ၍ ကောင်းကင်ရှိရာသို့ ပစ်လွှတ်လိုက်ပြန်ရာ
ဒုတိယမြားသည် ပထမမြားကိုထိမှန်၍ မြား(၂)စင်းလုံးသည် ကောင်းကင်အောက်ဘက်သို့ လွင့်စင်ကျသွားသည်..
မရန်နော်သည် ထိုမြင်ကွင်းကြောင့် မျက်လုံးပြူးသွား၏....
ဟင်...ခင်ဗျား... ကောင်းကင်ကမြားကို နောက်ထပ်မြားတစ်စင်းနဲ့ ထိမှန်အောင်ပစ်နိုင်တယ် ဒါဆို...လူထူးလူဆန်းမုဆိုး ဆိုတဲ့...လူကြီးဟာ ခင်ဗျားပေါ့....
ဟား...ဟား..... ဟုတ်တာပေါ့ကွာ ဒီလိုကျွမ်းကျင်အောင် ငယ်စဉ်ကတည်းက အရူးအမူးလေ့ကျင့် ခဲ့ရတာကွ...


ဒီလိုထိမှန်ဖို့ လျို့ဝှက်ချက်တစ်ခု ရှိမှာပေါ့...
သိပ်ရှိတာပေါ့... ဘယ်လောက်အရှိန်အဟုန် ပြင်းတဲ့မြားဖြစ်နေပါစေကွာ တစ်နေရာမှာအရှိန်ကုန်ပြီး တန့်သွားရတာချည်းပဲ
အဲဒီလို တန့်သွားရတဲ့အချိန် တစ်ခဏလေးအတွင်းမှာ နောက်မြားတစ်စင်းနဲ့ ထိမှန်အောင်ချိန်ပြီး ပစ်ရတယ်ကွ....
ဒါပေမယ့် လွယ်တော့မလွယ်ဘူး အချိန်အများကြီးပေးပြီး လေ့ကျင့်နိုင်မှလည်း ဖြစ်မှာနော်....
အခုလို... ပြောတဲ့အတွက် ဝမ်းသာလိုက်တာဗျာ ဒါကြောင့်ရွာကိုလိုက်ပြီး အေးအေးဆေးဆေး နားပါဦးလား...


ဒီအချိန်မှာ ဒုဝါသားနဲ့မမျှော်လင့်ဘဲ ခင်မင်ရပေမယ့်မုန်းဒုဝါကြီး တစ်ယောက်နဲ့မတွေ့ချင် သေးဘူးကွ...
ဟင်... ကျုပ်အဖေက မုန်းဒုဝါကြီးတစ်ယောက် ဖြစ်ကြောင်းခင်ဗျားက ဘယ်လိုလုပ်ပြီး သိတာလဲ....
မင်းဟာ တောင်ယာမလုပ်ဘဲ အေးအေးဆေးဆေးလာပြီး မြားပစ်လေ့ကျင့်နေကတည်းက မင်းဆင်းရဲသားမဟုတ်တာ သိရတော့တာပေါ့....
ပိုသေချာတာက... လည်ပင်းမှာဆွဲထားတဲ့ ကျောက်စိမ်းလည်ဆွဲမှာ မုန်းဒုဝါရဲ့အောက်ချင်းငှက် အမှတ်အသားကို တွေ့နေရတယ်...


ဟဲ...ဟဲ....
အနာဂတ်မှာဖြစ်မယ့်
မင်းရဲ့အကြောင်းပြောရင်
ဒီထက်ပိုပြီးမင်းအံ့သြသွား
ဦးမယ်၊မင်းဟာဒုဝါ
အရိုက်အရာကိုမလိုချင်တဲ့
ရှားရှားပါးပါးဒုဝါလေး
တစ်ယောက်ပဲ...
ဒါကြောင့်...
ဒုဝါမလုပ်ဘဲတစ်နေ့မှာ
ဒီအရပ်ကထွက်ပြေး
လိမ့်မယ်...
ကျုပ်စိတ်ထဲက
အကြောင်းအရာတွေကို
ကြိုသိနေတယ်၊ခင်ဗျားက
နတ်ဆရာလား...
ကဲ...ဒါတွေ
ထားလိုက်ပါဦးကွာ...
ငါ့ရဲ့စွန်ပျံကြီးဒီနေရာမှာ
ပြင်ချင်တယ်၊အမိုးတွေ
ပေါက်ပြဲကုန်လို့ဆက်ပြီး
စီးလို့မရတော့ဘူး...


ထိုလူကြီးသည်စွန်ပျံကြီး၏
အပေါက်အပြဲများအား
သေချာစွာဖာထေးနေသည်
ပြီးသောအခါတောင်စောင်းသို့
ယူဆောင်သွားပြီးလေဟုန်
စီးရန်ပြင်ဆင်လေသည်..
လူကြီးသည်သစ်သားတန်းကို
လက်ဖြင့်ကိုင်၍မရန်နော်အား
လှမ်းကြည့်လိုက်ပြီး....
နောက်တစ်ကြိမ်
မင်းနဲ့ငါပြန်ဆုံတော့မှ
အေးအေးဆေးဆေးစကား
ပြောကြတာပေါ့ကွာ
လောလောဆယ်တော့
သွားပြီဟေ့...



စွန်ပျံကြီးကိုတောင်ပေါ်မှ
တွန်းချလိုက်ရာအောက်သို့
ငိုက်ဆင်းသွားပြီးမှလေထဲ
ပျံဝဲသွားလေသည်...
မရန်နော်သည်အိမ်သို့ရောက်သောအခါ
မုန်းဒူဝါကြီးသည်ငယ်သားများနှင့်
တစ်စုံတစ်ရာကိုဆွေးနွေးနေလေ၏...
မရန်နော်သည်၎င်းတို့၏
စကားများကိုနားစွင့်ရာ
မုန်းဒူဝါကြီး၏ရေရွတ်သံ
ကြားလိုက်ရလေသည်...
ကောင်းကင်မှာ
အလွန်ကြီးမားတဲ့ငှက်ကြီး
တစ်ကောင်ကိုတွေ့တယ်လို့
သတင်းပို့တာသုံးလေးယောက်
ရှိနေပြီ၊ဒီငှက်ကြီးဟာ
ပုံပြင်ထဲမှာကြားဖူးတဲ့
ရောမငှက်လား...



မရန်နော်သည်
ညစာစားသောက်ရန်
ပြင်ဆင်နေစဉ်သူ၏
သူငယ်ချင်းဘောက်ရိမ်း
ရောက်လာသည်...
ရွာထဲမှာ
လနတ်သမီးပူဇော်ပွဲရှိတယ်
ငါတို့သွားကြည့်ရအောင်
မရန်နော်....
ဒါမျိုးတွေ
ငါဝါသနာမပါတာ
မင်းသိသားနဲ့ကွာ
မလိုက်ချင်ဘူး
ဘောက်ရိမ်း...
ဖော့နာလုတို့
တောင်ယာမှာလုပ်မှာကွ
ငါ့ကိုသူ့အစ်ကိုကမကြိုက်တာ
မင်းသိရဲ့သားနဲ့လာပါကွာ
လေနက်ဂန်းကလည်းဒီပွဲကို
လာဖျက်မှာသေချာတယ်
လိုက်ခဲ့ပါနော်...



ဘောက်ရိမ်းကမရမက
တောင်းပန်နေသဖြင့်
မရန်နော်သည်ဖျင်ကြမ်း
အင်္ကျီဘောင်းဘီဝတ်၍
လိုက်ခဲ့ရလေသည်....
မရန်နော်တို့တောင်ယာသို့
ရောက်သောအခါ ရွာထဲမှ
အပျိုလူပျိုများရောက်ရှိ
နေကြောင်းကိုလရောင်တွင်
တွေ့ရ၏...
ဘောက်ရိမ်းနှင့်အတူ
မရန်နော်ပါလာကြောင်း
တွေ့ရသောအခါ
မိန်းမပျိုများသည်
လွန်စွာအံ့သြဟန်ဖြင့်
တီတိုးပြောဆိုကြသည်....
သူမတို့အမြင်တွင်မရန်နော်သည်
မြားပစ်ခြင်း၊သိုင်းကစားခြင်းကို
စိတ်ဝင်စားပြီးချစ်မှုရေးရာ၌
စိတ်ဝင်စားသူမဟုတ်ချေ...